CRPH

# ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

office@crphmyanmar.org


**ကြေညာချက် အမှတ် ( ၃၅/၂၀၂၁ )**

၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်

ဇူလိုင်လ (၂၇)ရက်၊ ၂၀၂၁ခုနှစ်။

၁။ ၂၀၂၀ပြည့်နှစ် နိုဝင်ဘာ(၈) ရက်တွင်ကျင်းပခဲ့သည့်ရွေးကောက်ပွဲကြီးသည် လွတ်လပ်၍တရားမျှတစွာ ဥပဒေနှင့်အညီဆောင်ရွက်ခဲ့ကြောင်း ပြည်တွင်း၊ ပြည်ပ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သည့် အဖွဲ့အစည်းများက အတည်ပြုထုတ်ပြန်၍ ကမ္ဘာကလည်း အသိအမှတ်ပြုပြီးဖြစ်သည်။

၂။ အချုပ်အခြာအာဏာ၏ မူလပိုင်ရှင်ဖြစ်သောပြည်သူများက ရွေးကောက်တင်မြှောက်ခဲ့သည့် ပြည်သူ့အာဏာကို လူတစ်စု၏ တရားမဝင်အမိန့်ထုတ်ပြန်ရုံမျှဖြင့် ချေဖျက်နိုင်ခြင်းမရှိပါ။

၃။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) အနေဖြင့် ပြည်သူတို့၏ရွေးကောက်တင်မြှောက်အာဏာအပ်နှင်းခြင်းခံရသည့် ပြည်သူ့ကိုယ်စားလှယ်ကြီးများနှင့်အတူရပ်တည်ပြီး ပြည်သူပေးအပ်သောတာဝန်များကို ဆက်လက်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း ပြည်သူတစ်ရပ်လုံးအား အသိပေးအပ်ပါသည်။ စစ်အာဏာရှင်ကိုဆန့်ကျင်ပြီး ပြည်သူဘက်တွင်သစ္စာရှိစွာရပ်တည်သော အနိုင်ရပါတီများမှ ကိုယ်စားလှယ်များဖြင့်လည်းကောင်း၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြင့်လည်းကောင်း ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်နှင့်အညီ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ် ကြောင်းလည်း ထပ်လောင်းအတည်ပြုပါသည်။

၄။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH)အနေဖြင့် နိုင်ငံတကာပါလီမန်များအသီးသီးနှင့်လည်းကောင်း၊ ပါလီမန်အစုအဖွဲ့များ၊ ပါလီမန်ကိုယ် စားလှယ်အစုအဖွဲ့များနှင့်လည်းကောင်း တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အတိုင်း အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်သူများအား ထပ်မံကတိပြုပါသည်။

၅။ မည်သည့်နိုင်ငံကမျှ တရားဝင်အစိုးရဟုအသိအမှတ် ပြုခြင်းမခံရသော တရားမဝင်အာဏာသိမ်း စစ်ကောင်စီက ဖွဲ့စည်းထားသည့် ရွေးကောက်ပွဲကော်မရှင်ဟူသော အဖွဲ့အစည်း၏ ထုတ်ပြန်ကြေညာချက်သည် မည်သည့် ဥပဒေနှင့်မျှ အကျုံးဝင် အာဏာသက်ရောက်ခြင်းမရှိကြောင်း အတိအလင်း ထုတ်ပြန်ကြေညာလိုက်သည်။

**ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ**